# စောကြည်ဖြူ

(သုခချမ်းသာ)

# စမဝိဇ္ဇာအောင်ပြည့်စုံနှင့် နတ်ရေကန်မှအခေါင့်များ



"စမဝိဇ္ဇာ အောင်ပြည့်စုံနှင့် နတ်ရေကန်မှ အစောင့်များ "

"မနက်ခင်း နေရောင်ခြည်သည် ထွန်းလင်းဖြာချိန် ...

ကျုပ်လည်း ဘုရားရှိခိုး ပုတီးစိပ်တာ ပြီးလေ၏။

ဒီနေ့ သွားရမဲ့ ခရီးအတွက် ပြင်ဆင်ရပါအုံးမယ် ...

ကျုပ်သည် စမ ဝိဇ္ဇာဆိုသည် နှင့် အညီ ... စမများကို ရေးဆွဲပြီး သိဒ္ဓိတင်ရမည် ဖြစ်ပေးသည် ။ ထိုကြောင့် ဗဟု သုတ ရဖွယ် လောကီသိပ္ပံဘွဲ့ခံ ရှင်သူငယ်၏ စမ ကျမ်းထဲမှ စမများကို အနည်းငယ် ကောက်နုတ်တင်ပြပါမည်။

"စမ ဟူသည် ... ဗျည်းအလုံးပေါင်း ၃၀၀၈ကျော်ရှိပါသည် ။ ထိုစမတို့ အား သူတော်ကောင်းတို့ ဉာဏ်ရှိသလို အသုံးပြုနိုင်ပေသည် ။

"စမ ဗျဉ်း ...

၁။ ရ ဝ မ ဏ - ရေပေါ် သွားစေတတ်သော စမ။

၂။ ည တ သ ဝ - သူတစ်ပါး ကြံစည်သည် ကို သိသောစမ။

၃။ န အ ဒ ဝ - မြေကိုငွေဖြစ်စေသော စမ။

၄။ လ င မ စ - လိုရာကို ငွေဖြစ်သော စမ။

၅။ ခ ဋ္ဌ လ န - မီးတောက် သေစေသော စမ။

၆။ အ ဝ န မ - မယားများ စေသော စမ။

၇။ ဋ္ဌ ဝ သ အ - အိမ်မီးလောင်စေသော စမ။

၈။ အ ည သ န - ကိုယ်ပျောက်စေသော စမ။

၉။ ထ ဏ ဝ သ - ရေချိုကို ရေငံဖြစ်စေသော စမ။

၁၀။ ဝ လ သ အ - မိန်းမပျိုချစ်သော စမ။

၁၁။ အ ဘ ရ သ - ရွှေဖြစ်စေသော စမ။

၁၂။ န ဝ အ ဆ - အချိုကို အခါးဖြစ်စေသော စမ။

၁၃။ ဒ အ ဝ သ - ငွေလာသော စမ။

၁၄။ တ ဝ အ - အာခံတွင်းက မီးတောက်စေသော စမ။

၁၅။ သ ဏ ည ဋ္ဌ - လက်ရုံးမှ မီးတောက်စေသော စမ။

၁၆။ ဝ ပ အ န - မီးလောင်စေသော စမ။

၁၇။ လ မ ဝ သ - မေ့လျော့စေသော စမ။

၁၈။ န ထ ဝ တ - ညဥ့် လင်းစေသော စမ။

၁၉။ သ ဝ ဋ္ဌ ဠ - ပထဝီသွားစေသော စမ။

၂၀။ န ခ ဝ ည - အာယုသိဒ္ဓိ စမ။

၂၁။ လ ဓ ဝ အ - အသက်သွင်းသော စမ။

၂၂။ တ ခ င အ - မုန်တိုင်း ထန်စေသော စမ။

၂၃။ ဝ စ ဒ က - ပြဒါးသံချုပ် စမ။

၂၄။ န ခ ဗ ဝ - သစ်တုံး ထိုင်စေသော စမ။

၂၅။ ဝ မ စ ပ - ကိုယ်ပွား စေတတ်သော စမ။ စသည် စသည် ဖြင့် ဉာဏ်ကျယ်သလို အသုံးပြု နိုင်ပါသည် ။

"ထိုသို့ စမ များကို သိဒ္ဓိတင်ပြီးနောက် ဘုရားပေါ်ကနေ ကမ်းနားလမ်းသို့ သွားကာ အခြား ခရီးသည် သူများ နဲ့ အတူ ပင်လယ် တံငါရွာဘက်သို့ ရေပြင်ကျယ်ကို ငေးမော၍ ထွက်လာခဲ့ရာ ဟိုကို ကျုပ်တို့ နေ့လယ်ခင်းလောက် ရောက်တယ်ဗျ။ ဒါနဲ့ ကျုပ်လည်း ဗိုက်ဆာဆာ ရှိတာနဲ့ လက်ဖက်ရည် ဆိုင်သို့ ဝင်ပြီး လက်ဖက်ရည် တစ်ခွက်သောက်ကာ လိုရာသို့ ခရီးဆက်လာရာ အတော်ပင် ခရီးပေါက်ချေပြီ။ ခရီးတစ်ထောက် နားဦးမှ ပါ ဆိုပြီး သစ်တစ်ပင်ရင်း၌ တင်ပျဉ်ခွေ၍ တရားမှတ်ပြီး အမောဖြေနေစဉ် ပိုးတဝါးဖြင့် ပေါ်လာသူက ကျုပ်၏ ငယ်ဆရာ အဘဆရာတင့် ပင်ဖြစ်လေတော့၏။

"လူလေး လိုရာခရီး မရောက်ခင် ဒီရွာမှာ ဒုက္ခရောက် နေပါတယ် ဒါကြောင့် ကူညီပေးလိုက်ပါ လူလေး။

"မှန်လှပါ အဘ , တပည့်တော် ကူညီလိုက်ပ့ါမယ် ဘုရား။

"အေးကွဲ့ ကောင်းလေစွ ကောင်းလေစွ။

"အဘတင့်လည်း အမြင်အာရုံမှ ပိုးတဝါးဖြင့် ပျောက်ကွယ် သွားလေ၏။

ကျုပ်လည်း ထိုနေရာမှ ခရီးဆက်ခဲ့ရာ ကျုပ်နဲ့ မလှမ်းမကမ်းမှာ ရွာလေးတစ်ရွာဗျ။ ကျုပ်လည်း နေစောင်းနေပြီမို့ အဲဒီရွာမှ ပဲ တည်းခိုဖို့ ဆုံးဖြတ်ပြီး ရွာရှိရာသို့ ခပ်သွက်သွက် လှမ်းခဲ့မိတော့၏။

"ရွာထိပ်ရောက်တော့ ရွာဦးနတ်ကို အသိပေးပြီး ဝင် လာပြီးနောက် ထိုရွာ၏ ဘုန်းကြီးတစ်ကျောင်း တွေ့ရပါသည် ။ ကျုပ်လည်း ကျောင်း ပေါ်တက်ပြီး ဘုရားကို ဝတ်ချပြီး ကျောင်းထိုင် ဆရာတော်ဟု ထင်ရ သော ဦးဇင်းလေးကို ရှိခိုးဦးချ လိုက်ပါသည် ။

"ဘုန်းဘုန်း တပည့်တော် ခရီးသွား တစ်ယောက်ပါ ဘုရား။ ခရီး ဆက်ရန် အချိန်လွန် နေပြီမို့ တစ်ညတာ တည်းခို ခွင့်ပြုပါဘုရား။

"အိမ်း တည်းပါ ဒကာလေး။ ဒါနဲ့ ဒကာလေး ကြည့်ရတာ အထက် လမ်း ဆရာတစ်ယောက် ထင်တယ်။ ဟုတ်ရဲ့ လားကွယ့်။

"မှန်လှပါ ဘုရား။

"အိမ်း ဒကာလေးကို အကူညီတစ်ခု တောင်းရတော့မယ်။

"မှန်ပါ့ မိန့်ပါဘုရား။ တပည့်တော် အတတ်နိုင်ဆုံး အကောင်းဆုံး ဖြ စ်အောင် ကူညီပေးပါ့မယ် ဘုရား။

"အိမ်း ကောင်းလေစွ ။ ဟေ့ သူတော်ရွှေသီးရေ။

ဖိုးသူတော်ဟု ထင်ရသော အဘိုးတစ်ယောက် ဝင်လာကာ ဝတ်ဖြည့် ကာ တူးတုတ်ပြီး ထိုင်နေလေ၏။

"အေး သူတော်ရေ ... ဒီဒကာလေးကို တည်းခိုနေရာ ပေးပြီး ထမင်း ကျွေးလိုက်ပါ ပြီးရင် အောင်မျိုးတို့ အိမ်ရဲ့ ဖြစ်စဉ်လေး ပြောပြလိုက်ကွဲ့။ ဒီ ဒကာလေး ကူညီ ပေးလိုက်မယ်ကွဲ့။

"တင်ပ့ါဘုရား ဆရာတော် မိန့်ကြားတဲ့ အတိုင်း ဆောင်ရွက်ပ့ါမယ် ဘုရား။

"အေး ဒကာလေး သူတော်နောက် လိုက်သွားကွဲ့။ သူတော် စီစဉ်ပေး

လိုက်မယ်။

"ကျုပ်လည်း မှန်ပ့ါဟု ဆိုပြီး ဆရာတော်ကို ဝတ်ချကာ ဖိုးသူတော် ခေါ်ဆောင်ရာ လိုက်ခဲ့တော့လေ၏။

"ကျုပ်လည်း သူတော်နဲ့ အတူ လုပ်ကူပြီး ရေချိုးကာ ထမင်းစားပြီး နောက် ရေနွေးဝိုင်း ဖွဲ့ကာ ကျုပ်ကူညီ ပေးရမယ့် အိမ်ရဲ့ အကြောင်း လေး မေးပါတော့သည် ။

ဒီလိုပါ ဆရာလေးဟု ဆိုပြီး သူတော်က ဤကဲ့သို့ ပြောပြလေ၏။ ဖြ စ်စဉ်ကား ...

"ကိုအောင်မျိုး ... ဆိုသူကို မသိသူမရှိ သိပ်ပြီး ချမ်းသာသလို သိပ်ပြီး လည်း မာနကြီးပါသည် ။ အလုပ်ကတော့ ငွေတိုး ချေးစားတာပေ့ါ၊ အတိုးဆိုလည်း သူများ တွေထက် ၂ဆလောက် ပိုယူတတ်တဲ့ လူမျိုးပေ့ါ။ ပြီးတော့ ကပ်စေးနဲ့က တအားနည်းတာ ထိုကြောင့် ထိုမိသားစုအား ရွာ ထဲက လူတွေက အလိုရှိမှ သာ မချစ်သော်လည်း အောင့်ကာနမ်း ဆိုသ လို အကူညီ တောင်းလေ့ ရှိကြသည် ။ ထိုသို့မှ မဟုတ်လျှင် ထိုမိသားစု ရှိရာဘက်သို့ လှည့်၍ ပင် မကြည့်ကြ၊ ဘာဖြစ်ဖြစ် ဂရုမစိုက်။

တစ်နေ့ ဖေကြီးရေ ... ဖေကြီး ... ကိုအောင်မျိုး သားအငယ်ဆုံး တစ် ယောက်က အလန့်တကြားဖြင့် အဖေဖြစ်သူကို အတင်းအော် ခေါ်နေ လေ၏။

"ဟော့ သားသား ဘာဖြစ်လို့ လဲ။ ကလေးရှိရာ ပြေးကြည့်မိလိုက်မှ အိမ်နောက်မှာ စိုက်ထားသော ဂမုန်းပင်မှ သရဲလိုလို ဘီလူး လိုလို တစ် ကောင် ဝင်ရောက် ပျောက်ကွယ် သွားလေ၏။ ထိုသည် ကိုပင် သရဲတ စ္ဆေ မကြောက်တတ်သော ကိုအောင်မျိုး ကမူ အေးဆေး သူ့ဘာသာသူ နေတာ ကိုယ်နဲ့ မဆိုင် သဘောမျိုးနဲ့ ပစ်ထားလေ၏။

မကြာပါဘူး ကိုအောင်မျိုး သားအငယ်ဆုံးလေး ဆုံးတာပါပဲ။ တစ်လလောက် နေတော့ သားလတ် ထပ်ဆုံးတယ်။ ခုဆို သမီးကြီးရယ် သူတို့ လင်မယား နှစ်ယောက်ရယ်ပဲ ရှိတော့တာ ဆရာလေး။

ပြီးတော့ ဆရာလေး သေပုံက ထူးဆန်းတယ်ဗျ ... အဲသစ်ပင်နားမှာ လည်ကြီးလိမ်ပြီး သေနေတာ ဆရာလေးရ။

"ပြီးတော့ရော ဘာဆက်ဖြစ်သေးလဲ သူတော်ရ။

"အခုရက်ပိုင်းတော့ ဘာမှ ဖြစ်သံ မကြားသေးဘူး ဆရာလေး။

"ကဲ့ သူတော်ရေ အိပ်ကြစို့ရယ် ညနက်နေပြီဗျ။

"ဟုတ်ပ ဆရာလေးရေ တော်တော် ညနက်နေပြီ အိပ်မှ ပဲ။

"အနေသူရာ နေမင်းကြီးသည် အရှေ့ကျွန်းဆီ ခေါင်းပြူ ထွက်ကာစ ကျောင်းရဲ့ ပတ်ဝန်းကျင်မှာ လည်း ကျေးငှက်သာရကာ တို့ ၏ သံစုံအော်သံ တို့ သည် အတော်ကိုလည်း သာယာရွှင်မြူး လှလေသည် ။

"ကျုပ်လည်း ဘုရားဝတ်ပြု တရားထိုင် ပုတီးစိပ်ပြီး ကျောင်းမှ ကျွေးသော မနက်စာကို စားပြီ ထိုအိမ်ရာသို့ ထွက်လာ ခဲ့ပါတော့၏။

"ဗျို့ အိမ်ရှင်တို့ သူတော်က အိမ်ရှင်တို့ ကို အော်ခေါ်နေလေ၏။ မကြာပါဘူး အသက် ၃၅အရွယ်ခန့် လူတစ်ယောက် ထွက် လာပြီး သူတော်ကို လာရခြင်း အကျိုးအကြောင်း မေးလေသည် ။

"အော် ဆရာတော် လွှတ်ပေးတာလား ဆရာတော်ကို ကျေးဇူးတင်ပါတယ်လို့ ပြောပေးပါ သူတော်ရေ။

"ဆရာလေး ကြွပါခင်ဗျ။ ကျုပ်လည်း ထိုလူခေါ်လို့ လိုက်ရင်း ရေငန်ပိုင် ဦးရှင်ကြီးကို ခွင့်တောင်းပြီး သကာလ။

ဂမုန်းပင် သွားကြည့်ပါသည် ထိုအပင်သည် ဘီလူးဂမုန်း ဖြစ်လေသည် ။ အစောင့်က သဘက်ကြီး တစ်ကောင် ဖြစ်လေသည် ။ မကျေနပ်သော တစ်ယောက်ယောက်က ထိုအပင်ကို သွေးလောင်းပြီး အစောင့်ခေါ်ကာ ဒုက္ခ ပေးနေခြင်း ဖြစ်ပေ၏။

ထိုဘီလူး ဂမုန်းပင်ကို အထွက်စမဖြင့် ချုပ်ပြီး ဖိတ်ခေါ်လိုက်ရာ အနီးနားရှိ မိန်းကလေး တစ်ယောက်ထံ ဝင်ပူးလေ၏။ ဟား ဟား မင်းက ငါ့ကိုနိုင်မယ် ထင်နေတာလားကွ။

"မထင်ပါဘူးဗျာ။ ကဲ့ ဒါဆို ကိုယ့်နေရာ ကိုယ့်ဌာန ပြန်ကြည့်လေ မိုးမှောင်။ မိုးမှောင် ဆိုသည် မှာ ထိုဂမုန်းပင်ကို စောင့်နေသော အစောင့်တည်း။

"ဟာ ငါ့အပင်ကို ဘာလို့ ပြန်ဝင်မရတာလဲ ဆရာစုတ် မင်း လက်ချက်မလား။

ဆရာစုတ် မင်းက ငါ့ကို စမ်းတာပေ့ါ ဟုတ်စ ...

ကျုပ်လည်း ရေစက်မှ မီးစက်ဖြစ်စေသော စမ ကိုဆွဲကာ ရေခွက်ထဲ နှစ်ပြီး ထိုရေနှင့် တောက်လိုက်သော အခါ။ "အမလေး ကြောက်ပါပြီဗျ ပူလှချည်ရဲ့ ဗျာ ..."

ကျုပ်ကို မနှစ်က ကျုပ်သတ်စားလိုက်တဲ့ ဦးမောင်ကြီး စောင့်ခိုင်းထားတာပါ။ ကျုပ်ကို တစ်လပြည့်တိုင်း သွေးတိုက် ရပါတယ်။ တစ်လပြည့် သွေးလာ မတိုက်လို့ ကျုပ် သတ်စားလိုက်တာ။ နောက်တော့ ဆာလာတော့ ဒီမိသားစုကိုပါ တစ်ယောက်ပြီး တစ်ယောက် သတ်စားမိပါတယ် ဆရာလေး။

ကဲ့ သင်ချိုင်းရှင်မ မဖဲဝါ ထိုသဘက်ကြီး မိုးမှောင်အား လာရောက်

ခေါ်ဆောင်၍ အပြစ်ပေး ဆုံးမကာ နေရာတစ်ခု ပေးစေ ... ငါဆရာ အောင်ပြည့်စုံ၏ အမိန့်။

ကျုပ်၏ အမိန့်ပြန်တမ်း အချိန်၌ ခွေးအူသံနဲ့ အတူ မဖဲဝါ ရောက်လာကာ ကျုပ်ကို ဦးညွတ်၍ သဘက်ကြီး မိုးမှောင်ကို ရိုက်နှက်ကာ ခေါ်ဆောင်သွားလေ၏။

"အိမ်ရှင်တွေက ငွေတွေ လှူသော်လည်း ကျုပ်လက်မခံဘဲ နောက်ဘဝ အစဉ်ကို တရားမမ္ဘဖြင့် မွေ့လျော်ရန် ဆုံးမကာ ကျုပ်တည်းခိုရာ ရွာဦးကျောင်း ဆီသို့ သူတော်နဲ့ အတူ ထွက်လာ ခဲ့လေတော့၏။

***